# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
# ကယားပြည်နယ်ဦးစီးမှူးရုံး
# လွိုင်ကော်မြို့
# လျှောက်လွှာခေါ်ယူခြင်း

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့တွင် လစ်လပ်လျက်ရှိသော ယာဉ်မောင်း ရာထူး(၁)နေရာအတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) **ယာဉ်မောင်း(၅) လစာနှုန်း (၁၆၂,၀၀၀-၂,၀၀၀-၁၇၂,၀၀၀) (၁) နေရာ**

(၁) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) (၃၁-၈-၂၀၂၅) ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကြီးသူ အမျိုးသား ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက်မကြီးသူဖြစ်ရမည်။

(၃) ယာဉ်မောင်းလိုင်စင် အနည်းဆုံး (ခ) လိုင်စင်ရှိရမည်။

(၄) ယာဉ်မောင်းလိုင်စင်သက်တမ်း အနည်းဆုံး (၂)နှစ်ရှိရမည်။

(၅) အခြေခံပညာအလယ်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။

(၆) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှတဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရမည်။

၂။ လျှောက်ထားသူများသည် ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ (၃) ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးထားရန်)

(ခ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း။ (လွန်ခဲ့သော တစ်လအတွင်း)

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ။ (လာရောက်ဖြေဆိုချိန်တွင် မူရင်းတင်ပြရန်)

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန ခွင့်ပြုချက်စာ

(င) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(စ) ယာဉ်မောင်းလိုင်စင်မိတ္တူ

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဆရာဝန်၏ တစ်လအတွင်း ဆေးထောက်ခံချက်မူရင်း။

၄။ လျှောက်ထားလိုသူများသည် (၈-၉-၂၀၂၅) ရက်နေ့မှ (၁၂-၉-၂၀၂၅) ရက်နေ့ထိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့တွင် လျှောက်လွှာများ လာရောက်ထုတ်ယူနိုင်ပြီး (၁၂-၉-၂၀၂၅) ရက်နေ့ (၁၆:၃၀) နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်လွှာတင်ပြရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း ယူဆောင်လာရန် ဖြစ်ပါသည်။

၅။ စာရွက်စာတမ်း မပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကယားပြည်နယ်ဦးစီးမှူးရုံးသို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ကယားပြည်နယ်ဦးစီးမှူးရုံး